# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ်(၃၅၆)



## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် - ၂၀၂၅ (World Atomic Week Forum 2025)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum 2025) သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။ *စာမျက်နှာ ၃ ကော်လံ ၁ ❍*

**ယနေ့ *ဖတ်စရာ***


သမိုင်းအလှည့်အပြောင်းနှင့်အတူ လက်တွဲမိကြပြီ ကမ္ဘာတောင်ဘက်ခြမ်း — ဆောင်းပါး စာ ၆

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ၂၀၂၃ -၂၀၂၄ ခုနှစ်အကြောင်း သိကောင်းစရာ — ဆောင်းပါး စာ ၁၀


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြား — နိုင်ငံတကာသတင်း စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် အဖွဲ့ဝင်များအား မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံစဉ်။

❍ ရွှေဖုံးမှ

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဥာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူး Mr. Travnikov Ahdrey Aleksandrovich နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံမှ အသင့်ပြင်ဆင်လာသည့် မြန်မာ့ရိုးရာအစားအစာဖြစ်သည့် လက်ဖက်အုပ်၊ လက်ဖက်ရည်၊ အသင့်ချက်ပြုတ်လာသည့် ငါးသလောက်ပေါင်းတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မြိန်ရှက်စွာသုံးဆောင်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နိုဗာစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားရှိမှု၊ နိုင်ငံပြင်ပ ကြိုတင်မဲပေးခြင်းနှင့် နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များ၊ ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပြောင်းလဲကျင့်သုံးမည့်ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားမည့်အခြေအနေ၊ ကိုယ်စားလှယ်လောင်း လျှောက်ထားမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၆) နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ WYNDHAM GRAND Yangon Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဇနီးနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ခင်းကျင်းပြသထားသည့် တရုတ်နိုင်ငံ၏ သမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တရုတ်နိုင်ငံ၏ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ပြသကာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ အခမ်းအနားသည် လွန်ခဲ့သည့်(၇၆)နှစ်တာကာလ အတွင်း ရရှိခဲ့သည့် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ အောင်မြင်မှုကို ဂုဏ်ပြုသည့် ပွဲဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား နှစ်ပေါင်း(၇၅)နှစ် ကျော်ကြာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် သမိုင်းဝင်အမှတ်တရများ၊ ခိုင်မာသည့်မိတ်ဖက်ဆက်ဆံရေးများ၊ အပြန်အလှန် လေးစားမှုများနှင့် နှစ်နိုင်ငံမိတ်ဖက်များအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ထားရှိသည့် ကတိကဝတ်များကို ထင်ဟပ်ပြသသည့် အထိမ်းအမှတ်အောင်ပွဲတစ်ခုဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်ရေး၊ ဝင်ရောက်မစွက်ဖက်ရေး၊ အပြန်အလှန်လေးစားမှု၊ တန်းတူညီတူရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို ပူးတွဲထုတ်ပြန်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အဖွင့်ကောင်းဖြင့် စတင်နိုင်ခဲ့ကြောင်း။




မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးအကူအညီများ၊ ကျန်းမာရေးအကူအညီများ၊ ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးဆိုင်ရာ အကူအညီများသည် လျောင်ဘေးဒဏ်ခံစားခဲ့ရသည့် မြန်မာပြည်သူများအတွက် စိတ်ဓာတ်ခွန်အားကို ရရှိစေခဲ့ပါကြောင်း၊ အလားတူ မြန်မာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံမှပေးအပ်သော အပြုသဘောဆောင်သည့် အထောက်အပံ့များ၊ အာဆီယံနှင့် ကုလသမဂ္ဂ အစရှိသည့်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးပေးသည့် အကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်နိုင်ငံအကြား အပြန်အလှန်ဖေးမကူညီမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ထောက်ခံမှုများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို သမိုင်းက သက်သေခံလျက်ရှိပါကြောင်း၊ သာတူညီမျှမှု၊ အပြန်အလှန် လေးစားယုံကြည်မှုနှင့် ဆွေမျိုးပေါက်ဖော်အိမ်နီးချင်းကောင်းဆက်ဆံရေးကိုအခြေခံကာ အတူတကွ ဆက်လက်ကြိုးပမ်းအားထုတ်မည်ဆိုပါက ပိုမိုမြင့်မားသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ- တရုတ် သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး (ဝဲပုံ) သံအမတ်ကြီးက တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ဆော်ဒီအာရေဗျအစိုးရ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန်ကို ၁၉၈၀ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ၊ ရီယာဒ်မြို့ရှိ ကင်းဆော့ဒ်တက္ကသိုလ်မှ ဥပဒေဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ အီဂျစ်နိုင်ငံ၊ အလက်ဇန္ဒရီးယားမြို့ရှိ အလက်ဇန္ဒရီးယားတက္ကသိုလ်မှ နိုင်ငံတကာဥပဒေဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန် သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆော်ဒီအာရေဗျနိုင်ငံ၊ အာရှနိုင်ငံများဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးရုံးတွင် သံအရာရှိအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆီးရီးယားနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆော်ဒီအာရေဗျနိုင်ငံ၊ သံတမန်ရေးရာကောင်စီ၏ ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၂၁ ခုနှစ်မှစ၍ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာဇီယဒ် မိုဟာမက် မာဇီယဒ် အယ်လ်ဟိုဝီရှန် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦး ထွန်းကားသည်။

**သတင်းစဉ်**

## ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပြည် စက်တင်ဘာ ၂၄**

ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပြည်မြို့ တည်ဆောက်ရေး(၂) အစည်းဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ မြို့နယ် ၁၄ မြို့နယ်မှ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပိုးသတ်ဆေး ရောင်းချသည့် ကုမ္ပဏီများ၊ ပို့ကုန်လိုင်စင်ရ ကုမ္ပဏီများနှင့် စိုက်ပျိုးရေးပညာရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးနှင့် ပြည်တွင်းစားသုံးသူများ အစားအစာဘေးကင်းလုံခြုံမှုရှိရေးသည် အရေးကြီးကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှု ဒွန်တွဲတွေ့ရှိလာရသည့်အတွက် ပိုးသတ်ဆေးဓာတ်ကြွင်း လျော့ကျကင်းစင်စေရေး အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ပြည်ပသို့ စပါးနှင့် ပဲအများဆုံးတင်ပို့နေသည့် တိုင်းဒေသကြီးတစ်ခုဖြစ်၍ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက "ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပိုးသတ်ဆေး သုံးစွဲရေးဆိုင်ရာများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ပြည်သာယာရပ်ကွက် ရွှေတစ်ချောင်းလမ်းရှိ "ဝေဖြိုး" ပဲကြော်လုပ်ငန်းတွင် Solar System ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနေမှုနှင့် ပြည်မြို့ ကမ်းနားလမ်း ညဈေးအနီးရှိ သရေခေတ္တရာဆိုင်းဘုတ် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ကမ်းနားလမ်းနှင့် ညဈေးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**နှစ် ၂၀ တစ်ပိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ






**နေပြည်တော် စက်တင်ဘာ ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ (၃၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဂုဏ်ပြုဆုရရှိသည့် ဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှစ်ပတ်လည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပပေးရခြင်းမှာ မိမိတို့ ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် လုပ်သက်နှစ် ၃၀ အထိ တာဝန်ကျေပွန်စွာထမ်းဆောင်မှု၊ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်မှု၊ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သည့်ကာလအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ထမ်းဆောင်မှု၊ သင်တန်းများတွင် ထူးချွန်စွာဆောင်ရွက်နိုင်မှု၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှု၊ ရုံးခန်း၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ အားကစားထူးချွန်မှု၊ သုံးနှစ်တာကာလအတွင်း ခွင့်ခံစားခြင်းမရှိမှု၊ ၂၅ ကြိမ်နှင့်အထက် သွေးလှူဒါန်းမှု၊ ပြည်ပ စာတမ်းဖတ်ကြားမှုများနှင့် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ထူးချွန်စွာဆောင်ရွက်နိုင်မှု၊ ရုံးလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မှု၊ ဝန်ထမ်းအိမ်ရာများတွင် သန့်ရှင်းရေးနှင့် စိုက်ပျိုးရေး ဆောင်ရွက်နိုင်မှုတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်နိုင်ရေး အတွက် ဆောင်ရွက်ပေးရခြင်း ဖြစ်ပါကြောင်း။

နှစ်ပတ်လည်နေ့အခမ်းအနား၌ ဝန်ထမ်းများ စိတ်အပန်းပြေ ပျော်ရွှင်စေရန်အတွက် ဗလာမပါ ကံစမ်းမဲ ဖွင့်ဖောက်ခြင်းကိုလည်း ထည့်သွင်း ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူများအတွက် စေတနာထားရှိပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိပြီး အားထားရသည့် ဝန်ထမ်းကောင်းများအဖြစ် ကျရာအခန်းကဏ္ဍ အသီးသီး၌ စည်းလုံးညီညွတ် ပျော်ရွှင်စွာဖြင့် ဝိုင်းဝန်းလက်တွဲပြီး ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့် စွမ်းရည်တို့ကို မြှင့်တင်၍ ဆက်လက် အောင်မြင်အောင် ဆောင်ရွက်ကြစေ လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် ဂုဏ်ပြုဆုရရှိသူများ၊ ကံစမ်းမဲပေါက်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုများနှင့် ဆုမဲပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်ကာ ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ်အဖြစ် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အဆင့်အလိုက် ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက် ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**



# တပ်ကုန်းမြို့နယ် စပါးစိုက်ခင်းများ ရေဝင်ရောက်မှု၊ ရေစီးရေလာကောင်းမွန်ရေး၊ အရိပ်ရသစ်ပင်စိုက်ပျိုးထားရှိမှုများ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း စက်တင်ဘာ ၂၄**

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စပါးစိုက်ခင်းများ ရေဝင်ရောက်မှု၊ ရေစီးရေလာကောင်းမွန်ရေး၊ အရိပ်ရသစ်ပင်စိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ရှောက်ကုန်းကျေးရွာ ကွင်းအမှတ် (၁၄၁၁–က)၊ စပါးစိုက်ခင်းများအတွင်း ရေများဝင်ရောက်လာမှု၊ ရန်ကုန် – မန္တလေး ကားလမ်းဟောင်း၊ အဆုံ(ဇီးကုန်း) တံတား၊ ကင်းသာချောင်းကူးတံတားများ ရေစီးဆင်းနေမှုများ ကြည့်ရှုစစ်ဆေးခဲ့သည်။ (ဝဲပုံ)



ထို့နောက် ဗိုလ်မင်းရောင်ရပ်ကွက် စုပေါင်းအင်အားစနစ်ဖြင့် တိုးချဲ့(၁၈)လမ်း အရှည်ပေ ၃၀၀ ရိုစာလမ်းခင်းခြင်း၊ Box Culvert ၊ ရေဆိုးထုတ်မြောင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ အလှူငွေများ ပေးအပ်ခဲ့ပြီးနောက် အနော်ရထာရပ်ကွက် နဝင်းချောင်းကူး တံတားအား ရေစီးဆင်းမှု ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မြို့နယ်မီးသတ်စခန်းသို့ရောက်ရှိ၍ ဌာနဆိုင်ရာများ၊ မီးသတ်ဝန်ထမ်းများ၊ MSME အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆန်ကုန်သည်၊ ဆီကုန်သည်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံကာ မီးသတ်ကားများ၊ Speed–Boat များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်ပြင်ဆင်ထားရှိရေး၊ သရုပ်ပြလေ့ကျင့်မှုများ စဉ်ဆက်မပြတ်လေ့ကျင့် ဆောင်ရွက်ထားရှိရေး၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာလျှင် အချိန်နှင့်တစ်ပြေးညီ ကူညီနိုင်ရေး ပြင်ဆင်ထားရှိရေး ဆွေးနွေးမှာကြားခဲ့ပြီးနောက် ရွှေဥဒေါင်းကျေးရွာ အဝင်လမ်း၊ မဲအင်းကျေးရွာ အဝင်လမ်းများတွင် လမ်းဘေးဝဲ/ယာရှိ အရိပ်ရသစ်ပင်များ စိုက်ထားရှိမှုနှင့် ကျေးလက်နေတောင်သူများ သီးနှံများ အောင်မြင်အောင်ဆောင်ရွက်နေမှုများ ကြည့်ရှုအားပေးကြောင်း သိရသည်။**တင်စိုးလွင်(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ ချက်ပြုတ်ကျွေးမွေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၄**

ဆင်ပေါင်ဝဲမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအာဟာရဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း (ဒုတိယအကြိမ်)ကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ပြုလုပ်သည်။

အဆိုပါ အာဟာရချက်ပြုတ်ကျွေးမွေးခြင်း အစီအစဉ်ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်၍ ကြည့်ရှုအားပေးရာ အခြေခံပညာကျောင်း ၁၄၆ ကျောင်း KG ကျောင်းသားကျောင်းသူ ၁၅၅၃ ဦးအား (ဒုတိယကြိမ်) ကျောင်းတွင်းအာဟာရကျွေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# သမိုင်းအလှည့်အပြောင်းနှင့်အတူ လက်တွဲမိကြပြီ ကမ္ဘာတောင်ဘက်ခြမ်း

တစ်ဖက်ရဲ့ ဖိအားအလွန်ကြီးမားသွားခဲ့ရင် ဆန့်ကျင်ဘက်တစ်ဖက်မှာ အားနည်းသူ၊ ယုံကြည်ချက်တူသူအချင်းချင်း ပေါင်းစည်းမိသွားခြင်းဟာ လွန်ဆန်ဖို့ ခက်ခဲတဲ့ တုံ့ပြန်သဘောတရားတစ်ခုပါ။

**မြင့်မြတ်**

**SCO ရဲ့ ညီညွတ်မှုနဲ့ တိုးတက်မှုကိုပြသနိုင်စွမ်းတဲ့ ရှန်ဟိုင်းစိတ်ဓာတ်ကို နမူနာယူပြီး မြန်မာနိုင်ငံမှာလည်း မြန်မာတို့ရဲ့မြန်မာစိတ်ဓာတ်နဲ့ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ပြသကြဖို့ ဖြစ်ပါတယ်။ လက်ရှိအခြေအနေက နိုင်ငံမှာတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့က အလွန်အရေးကြီးတဲ့ အချိုးအကွေ့တစ်ခုမှာ ရောက်ရှိနေပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကတော့ နိုင်ငံရဲ့ဂုဏ်နဲ့ မြန်မာတို့ရဲ့သိက္ခာကို ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ နိုင်ငံတွေရဲ့အလယ်မှာ ထည်ထည်ဝါဝါ မြှင့်တင်ပေးခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတိုးတက်ဖို့ သာယာဝပြောဖို့ အခြေအနေကောင်းတွေ၊ အခွင့်အလမ်းကောင်းတွေကို ယခုလို အရယူနိုင်ခဲ့တဲ့အပေါ် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှုလိုလားတဲ့ ပြည်သူအားလုံးကလည်း ဖော်ပြပါ SCO အစီအစဉ်များကို အလေးအနက်ထား ထောက်ခံလျက်ရှိ**

နိုင်ငံတိုင်းဟာ ကိုယ့်အမျိုးသားအကျိုးစီးပွားကသာ ပထမ၊ဦးစားပေးရမယ့်အရေးဖြစ်တဲ့အတွက်ကြောင့် မိမိအကျိုးစီးပွား ထိပါးခံရတဲ့အခါ အကျိုးစီးပွားတူရာချင်း ပေါင်းစည်းမိတဲ့ သဘောရှိပါတယ်။ ထာဝရမိတ်ဆွေ ထာဝရရန်သူဟူသည်မရှိ၊ ထာဝရအကျိုးစီးပွားသာလျှင်ရှိတယ်၊ ရန်သူရဲ့ရန်သူဟာ မိတ်ဆွေဖြစ်တယ်ဆိုတဲ့ သဘောတရားတွေက တစ်ဖက်သတ် စိုးမိုးအနိုင်ကျင့်ခံနေရတဲ့နိုင်ငံတွေအတွက် ယခုအခါ အမှန်တရားတစ်ခုဖြစ်လာတယ်။ ယနေ့တွေ့မြင်ရတဲ့ နိုင်ငံတကာမြင်ကွင်းတွေအရ ထိုသဘောတရားမျိုးကို စက်တင်ဘာလ ၁ ရက် (SCO Summit 2025 Plus)မှာ ထင်ထင်ရှားရှား တွေ့မြင်လာရပါတယ်။

**Shanghai စိတ်ဓာတ်အတိုင်း ပူးပေါင်းဆောင်ရွက်မယ်**

ယနေ့ကမ္ဘာကြီးမှာ ဗဟုစုံကမ္ဘာကြီးရဲ့ Multi-polar world က New world order အစီအစဉ်သစ်အတိုင်း သွားနေတဲ့လမ်းကြောင်းဖြစ်တဲ့အတွက် မျက်ခြည်မပြတ်ဖို့ လိုပါတယ်။ ယနေ့ခေတ်မှာ ပြောင်းလဲလာတဲ့ နိုင်ငံတကာဆက်ဆံရေးအနေအထားအရ လွတ်လပ်တဲ့ နိုင်ငံခြားရေးမူဝါဒ၊ တန်းတူရည်တူညီမျှမှု၊ ကိုယ်ပိုင်ရွေးချယ်ခွင့် စတဲ့ သဘောတရားတွေနဲ့ လိုက်ဖက်ဖို့ဆိုရင် Multipolar world အစီအစဉ်အတိုင်း သွားရမှာဖြစ်ပါတယ်။ ဒီသဘောတရားများနဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ တစ်ဦးတည်း ဧကရာဇ်ဆန်စွာ စိတ်ကြိုက်ကြီးစိုးခြယ်လှယ်ခွင့်၊ စွက်ဖက်ခွင့်ရနေတဲ့ Unipolar world ကို ကမ္ဘာ့နိုင်ငံတွေဟာ တဖြည်းဖြည်း ဖယ်ကြဉ်လာနေတာကြောင့်ဖြစ်ပါတယ်။

ယနေ့ SCO Shanghi Cooperation Organization ထိပ်သီးညီလာခံက ချမှတ်ထားတဲ့ ဆောင်ပုဒ်သဘောတရား၊ ပြသချက်၊ ပြောဆိုဆွေးနွေးချက်တွေအားလုံး ဒီသဘောတရားအပေါ်မှာပဲ အခြေခံကြတယ်။ ဖိအားပေးမှုတွေကို တုံ့ပြန်ရမယ်၊ ဘယ်လိုတုံ့ပြန်မလဲ၊ ညီလာခံမှာ နိုင်ငံတော်အကြီးအကဲရဲ့ ဆွေးနွေးချက်များမှာလည်း ပါခဲ့ပြီးဖြစ်ပါတယ်။ စီးပွားရေးအရ ပေါင်းစည်းကြမယ်၊ ယဉ်ကျေးမှုချင်းဖလှယ်ကြမယ်၊ ဥရောပ-အာရှဒေသတွေရဲ့ မျှော်မှန်းချက်များနဲ့အတူ ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်ကြမယ်၊ ငြိမ်းချမ်းအောင် လုပ်မယ်၊ တည်ငြိမ်အောင်လုပ်မယ်၊ သာယာဝပြောအောင်လုပ်မယ်၊ ထားရမယ့်စိတ်ဓာတ်က အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်တန်ဖိုးထားလေးစားမှု၊ သာတူညီမျှမှု၊ ဘုံဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်နေတဲ့ ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၊ ဒီစိတ်ဓာတ်အတိုင်း လက်တွဲဆောင်ရွက်ကြမယ့် ကတိကဝတ်ကို နိုင်ငံအားလုံးက လက်ခံပြီးဖြစ်တဲ့အတွက် ဒီစိတ်ဓာတ်အတိုင်း ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် SCO ရဲ့မျှော်မှန်းချက်တွေလည်း ပြည့်ဝလာမှာဖြစ်ပါတယ်။

**SCO ဆောင်ပုဒ်နဲ့ တစ်ထပ်တည်းကျတဲ့ Agenda သုံးခု**

၂၀၀၁ ခုနှစ် ဇွန်လ ၁၅ ရက်၊ ရှန်ဟိုင်းမှာ စတင်ဖွဲ့စည်းစဉ်က မူလ ခြောက်နိုင်ငံ၊ ထပ်တိုးအဖွဲ့ဝင်သစ်လေးနိုင်ငံနဲ့ ၁၀ နိုင်ငံဖြစ်လာခဲ့ပြီး ဆွေးနွေးဖက်မြန်မာနိုင်ငံအပါအဝင် စောင့်ကြည့်၊ ဖိတ်ခေါ်နိုင်ငံတွေအပါအဝင် ၂၄ နိုင်ငံ တက်ရောက်ခဲ့တဲ့ SCO ညီလာခံကြီးကနေ ဘယ်လိုအစီအစဉ်သစ်တွေကို လမ်းညွှန်နေပါသလဲ။ ထင်ရှားစွာတွေ့ရတဲ့ အချက်က ကမ္ဘာ့တောင်ခြမ်းနိုင်ငံတွေရဲ့ ပူးပေါင်းပါဝင်လာမှု၊ ထိုမှတစ်ဆင့် အစုအဝေးကြီးတစ်ခုအနေနဲ့ စုစည်းညီညွတ်မှုပါပဲ။ ချမှတ်ထားတဲ့ ဆောင်ပုဒ်အရ ဘက်စုံမူဝါဒကို ကျင့်သုံးကြမယ်၊ ဒေသတွင်း လုံခြုံရေးကို ထိန်းသိမ်းကြမယ်၊ ထိုမှတစ်ဆင့် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ကြမယ်ဆိုတဲ့ အစီအစဉ်တွေကို တွေ့ရတယ်။

ထိုဆောင်ပုဒ်အောက်မှာပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီးက ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှု ပဏာမအဆိုပြုချက် ငါးချက် (Global Governance Initiative)ကို တင်သွင်းခဲ့တယ်။ ထိုငါးချက်ကို နိုင်ငံအများစုက ထောက်ခံကြကြောင်းလည်း သိရပါတယ်။ အကြောင်းက သူတို့တွေမှာ ဘယ်တုန်းကမှ အသာမရခဲ့ဖူးတဲ့ တူညီတဲ့ခံစားချက်တွေ ရှိနေကြပြီး ယခုအခါ တူညီတဲ့ ဘုံရည်မှန်းချက်တွေ ရှိနေကြလို့ပါပဲ။ သူတို့ ဘယ်လို အမြတ်ထုတ်ခံခဲ့ကြရသလဲ၊ စွက်ဖက်မှုတွေ၊ အနိုင်ကျင့်မှုတွေကို ဘယ်လိုခံခဲ့ကြရသလဲ။ ဒီလိုနိုင်ငံတွေ ယခုလို စုစည်းမိသွားတာ မဆန်းပါဘူး။

အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ ရုရှားလက်တွဲမှု အင်ပါယာသစ်က ဖြစ်သင့်တဲ့ ပါဝါသစ်တစ်ခုပါ။ ယခုလိုပူးပေါင်းမှုကို တောင်ကမ္ဘာခြမ်းနိုင်ငံများဆီက ပြည်သူအားလုံးက ထောက်ခံနေကြမှာဖြစ်ပါတယ်။ ဒါကြောင့် ယနေ့တွေ့မြင်နေရတဲ့ SCO မြင်ကွင်းက အလွန်အားရစရာကောင်းနေခြင်းဖြစ်ပါတယ်။ ခေါင်းဆောင်တွေကြား ရင်းနှီးမှုကတစ်ဆင့် မဟာမိတ်ဆန်လာကြသလို မိတ်ဖက်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာတဲ့ သင်္ကေတအများအပြားကိုပါ တွေ့မြင်လာရတယ်။ ပူးပေါင်းဆောင်ရွက်မှုဆိုတာ နိုင်ငံတွေအကြား နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးစည်းမျဉ်းတွေကို စုပေါင်းချမှတ်ပြီး စုပေါင်းဦးဆောင်ကြမယ့် သဘောတရားပါပဲ။ ထိုသို့ စုပေါင်းဦးဆောင်မှုကပင် ကမ္ဘာကြီးမှာ တစ်ဦးတည်းချုပ်ကိုင်ခွင့်၊ ထိန်းချုပ်ခွင့်၊ ခြယ်လှယ်ခွင့်များနဲ့ ဆန့်ကျင်ဘက်အသွင်ကို ဆောင်သလို ဖြစ်သွားရပါတယ်။

**GGI မှာပါဝင်နေသော စီမံကိန်းများ**

ယနေ့ကမ္ဘာကြီးမှာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်ရေးကို အထူးလိုအပ်နေပါတယ်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ လိုအပ်ချက်ကလည်း ဒီနှစ်ချက်ပါပဲ။ လက်ရှိ SCO ဦးဆောင်တရုတ်၊ ရုရှား၊ အိန္ဒိယနိုင်ငံကြီးတို့ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးတည်ဆောက်မှုနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့ကဏ္ဍကနေ အစဉ်တစိုက် ထောက်ခံအားပေးကူညီနေတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ SCO အဖွဲ့ဝင်ဖြစ်လာရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုတွေအပေါ် ထောက်ခံမှုပေးရေးနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးမှာ ပိုပြီး လျင်မြန်အားကောင်းလာမယ့် သဘောတွေ တွေ့မြင်လာရပါတယ်။ ဒီအချက်တွေဟာ SCO ရဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးဖို့ဆိုတဲ့ မူဝါဒနဲ့လည်း ကိုက်ညီပါတယ်။

သာဓကတစ်ခုအနေနဲ့ကြည့်ရင် နိုင်ငံတော်အကြီးအကဲ တရုတ်နိုင်ငံ တီယန်ကျင်းမြို့ကို ရောက်ရှိခိုက် Tangla Hotel မှာ မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲမှာ ပြောကြားချက်တွေအရ မြန်မာနိုင်ငံဟာ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့အတွက် ယင်းနိုင်ငံတွေနဲ့ ကုန်သွယ်မှုတိုးမြှင့်နိုင်မယ့် အခွင့်အလမ်းများ၊ တရုတ်နိုင်ငံဟာ ရုရှားနဲ့ မြန်မာနိုင်ငံတို့ကြားမှာ တည်ရှိနေတဲ့အတွက် တရုတ်-ရုရှား-မြန်မာနိုင်ငံတို့ကြားမှာ ကုန်သွယ်ရေးကဏ္ဍ တိုးချဲ့နိုင်မယ့် အလားအလာများ၊ RECP သဘောတူညီချက်အရ တရုတ်-မြန်မာနဲ့ တရုတ်-အာဆီယံ ဒေသတွင်း ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာများ၊ တရုတ်နိုင်ငံက ဦးဆောင်နေတဲ့ BRI ရဲ့အစိတ်အပိုင်းတစ်ခုအနေနဲ့ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေး စင်္ကြံနဲ့ တရုတ်-အင်ဒိုချိုင်းနား စင်္ကြံ၊ မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း MICA စတဲ့ SCOရဲ့အောက်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွေဟာ အောင်မြင်မယ့်အလားအလာများရှိလာကြောင်း သိရှိရပါတယ်။

ပြောရမယ်ဆိုရင် တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေတဲ့ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးစီးဦးဆောင်ပြုမှုအစီအစဉ် (Global Governance Initiative)မှာရှိနေတဲ့ မြန်မာနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တွေ့မြင်လိုက်ရခြင်းဖြစ်ပါတယ်။ စီမံကိန်းကနေ လက်တွေ့အကောင်အထည်ဖော်သွားမှာဖြစ်ပြီး ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံတွေအတွက် ပိုမိုတိုးတက်အောင်မြင်လာမယ့် အခြေအနေကောင်းတွေအဖြစ် ယခုအခါ မြင်တွေ့နေရပါပြီ။

အခြေအနေကောင်းတွေ ဖန်တီးနိုင်ဖို့ဆိုရင် တရုတ်နိုင်ငံသမ္မတက တင်သွင်းခဲ့တဲ့ Governance ဟာ Good Governance ကမ္ဘာလုံးဆိုင်ရာ ကောင်းမွန်တဲ့ အုပ်ချုပ်မှုဖြစ်နေဖို့ လိုပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်မှုဆိုရာမှာ သာတူညီမျှမှု၊ အားလုံးပါဝင်မှု၊ စုပေါင်းဦးဆောင်မှု၊ ဘက်မလိုက်မှု၊ အဂတိကင်းစင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ တရားဥပဒေစိုးမိုးမှု စတဲ့အချက်တွေ ပါဝင်ပါတယ်။ ယနေ့ခေတ်ကြီးမှာ အရေးတကြီး ဖြေရှင်းရမယ့် အစီအစဉ်များစွာရှိတဲ့အနက် တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးက အလွန်အရေးကြီးပါတယ်။ လုံခြုံရေးက နိုင်ငံတိုင်းအတွက်၊ ဒေသတွင်းအတွက် လက်ရှိအရေးကြီးတဲ့ အခြေအနေမှာ ရှိနေပါတယ်။ အဓိကရင်ဆိုင်ရတဲ့ပြဿနာက အကြမ်းဖက်၊ ခွဲထွက်အန္တရာယ်၊ နယ်စပ်ဖြတ်ကျော်မှုခင်းနဲ့ မူးယစ်ဆေးဝါး

စာမျက်နှာ ၇ သို့

**“ ကောင်းမွန်တဲ့အုပ်ချုပ်မှုဆိုရာမှာ သာတူညီမျှမှု၊ အားလုံးပါဝင်မှု၊ စုပေါင်းဦးဆောင်မှု၊ ဘက်မလိုက်မှု၊ အဂတိကင်းစင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ တရားဥပဒေစိုးမိုးမှု စတဲ့အချက်တွေ ပါဝင်ပါတယ်။ ယနေ့ခေတ်ကြီးမှာ အရေးတကြီး ဖြေရှင်းရမယ့် အစီအစဉ်များစွာရှိတဲ့အနက် တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးက အလွန်အရေးကြီးပါတယ်။ လုံခြုံရေးက နိုင်ငံတိုင်းအတွက်၊ ဒေသတွင်းအတွက် လက်ရှိအရေးကြီးတဲ့ အခြေအနေမှာ ရှိနေပါတယ်။ အဓိကရင်ဆိုင်ရတဲ့ပြဿနာက အကြမ်းဖက်၊ ခွဲထွက်အန္တရာယ်၊ နယ်စပ်ဖြတ်ကျော်မှုခင်းနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေပါပဲ။ ဒီအန္တရာယ်တွေကပဲ နိုင်ငံငယ်တွေရဲ့ အချုပ်အခြာနဲ့ လူမှုစီးပွားဘဝတွေကို ခြိမ်းခြောက်နိုင်စွမ်းရှိနေတာကို အထူးသတိရှိကြရမှာဖြစ် ”**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၉၄ ရက် သာ လိုတော့သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော် ပြင်ဦးလွင်ခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့မှ MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြင်ဦးလွင်ခရိုင် MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို အပိုင်းလိုက်ကျင်းပမည့် မြို့နယ်များသို့ သတ်မှတ်လျာထားကာလအတွင်း ရွှေ့ပြောင်းတပ်ဆင်စမ်းသပ်ခြင်းဆောင်ရွက်ရန်၊ လျာထားမဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြို့နယ်အလိုက် အသေးစိတ် စီမံချက်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် ပြင်ဦးလွင်ခရိုင် MEVM ကြီးကြပ်မှုနှင့် နည်းပညာအထောက်အကူပြုအဖွဲ့ ခေါင်းဆောင်များနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက စက်များတပ်ဆင်စမ်းသပ်ခြင်း၊ ကိုင်တွယ်ခြင်းတို့အတွက် ဆင့်ပွားသင်တန်းပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြည်သူများသို့ မဲပေးစက်နှင့် ဆန္ဒမဲပေးခြင်းအတွက် အသိပညာပေး ဆောင်ရွက်နေမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်သည် ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုင်ငံရေးပါတီများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ လာရောက်တင်သွင်းနေမှုများကိုတာဝန်ရှိသူများက ဥပဒေနှင့်အညီ စိစစ်လက်ခံဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင်လည်း ကော်မရှင်အဖွဲ့ဝင်သည် ကျောက်ဆည်ခရိုင် MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနေမှု ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၂၄**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်း ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးနေမှုကို ယနေ့မွန်းလွဲပိုင်းက ထားဝယ်မြို့ရှိ ဆန်းချီဘုန်းတော်ကြီး ကျောင်း၌ ကျင်းပသည်။

ထိုသို့ ဒေသခံပြည်သူများ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ကိုင်တွယ်ပုံ၊ လက်တွေ့စမ်းသပ်သရုပ်ပြမဲပေးပုံ၊ မဲရုံခင်းကျင်းပုံစသည်တို့ကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသပေးသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးတို့သည် ဆန်းချီဘုန်းတော်ကြီးကျောင်း အတွက် ဆန်၊ ဆီ၊ ဆားတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ရောင်းဝယ်မှုတွေပါပဲ။ ဒီအန္တရာယ်တွေကပဲ နိုင်ငံငယ်တွေရဲ့ အချုပ်အခြာနဲ့ လူမှုစီးပွား ဘဝတွေကို ခြိမ်းခြောက်နိုင်စွမ်းရှိနေတာကို အထူးသတိရှိကြရမှာ ဖြစ်ပါတယ်။

သုံးသပ်ရမယ်ဆိုရင်တော့ ယနေ့ SCO အဖွဲ့ကြီးက တိုးတက်မှုတွေနဲ့ ရှေ့ဆက်နေပြီလို့ ဆိုနိုင်ပါတယ်။ အစည်းအဝေးကနေ မြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများစွာလည်း ပေါ်ထွက်ခဲ့ပါတယ်။ ကမ္ဘာ့ပါဝါခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးမှု၊ နိုင်ငံရေးအရ အသိအမှတ်ပြုမှု၊ နိုင်ငံတကာမှာ လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အသိအမှတ်ပြုမှု၊ SCO အမြဲတမ်းအဖွဲ့ဝင်အဖြစ် ထောက်ခံမှု၊ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အသိအမှတ်ပြု အားပေးကူညီထောက်ခံမှု၊ မြန်မာနိုင်ငံရဲ့စီးပွားရေးအပါအဝင် ကဏ္ဍပေါင်းစုံမှာ တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်များ၊ တစ်နည်းအားဖြင့် နိုင်ငံတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံချက်များ ရရှိခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါပေမယ့် အဖွဲ့ကြီးအတွက် စိန်ခေါ်မှုတွေကတော့ အမြဲရှိနေမှာပါ။ အဖွဲ့ကြီးရဲ့ စုစည်းညီညွတ်မှုအားနည်းအောင်၊ ပြိုကွဲအောင် သပ်လျှိုသွေးခွဲမှု၊ တိုက်ခိုက်မှုတွေ ရှိလာနိုင်ပါတယ်။ နဂိုရှိပြီးသား ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက SCO ကို ပြိုင်ဆိုင်ဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေ၊ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုတွေ တိုးချဲ့လာနိုင်တယ်။ SCO အဖွဲ့ဝင်ဖြစ်ပြီး အဖွဲ့ဝင်ဖြစ်ဖို့ တာစူနေတဲ့ နိုင်ငံငယ်တွေရဲ့အစိုးရတွေကို အပြောင်းအလဲဖြစ်အောင် အဖျက်အမှောင့်တွေ၊ သွေးခွဲဖျက်ဆီးမှုတွေ ရှိလာနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဖွဲ့ဝင်တွေက ဘယ်ဖိအားမဆို ကြံ့ကြံ့ခံရပ်တည်နိုင်စွမ်း ရှိရပါမယ်။ လက်ရှိ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုစွမ်းအားအတိုင်း ညီညီညွတ်ညွတ်နဲ့သာ ဆက်လက်ချီတက်ရင် ... ကမ္ဘာမှာ မတူကွဲပြားမှုကို လက်ခံတဲ့ နိုင်ငံတကာ စနစ်တစ်ခုကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ခဲ့ရာကနေ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်နိုင်တော့မယ့် အရှေ့တစ်ခုဖြစ်ဖို့ ပိုလို့ သေချာသွားပါပြီ။

ဆိုလိုတာက မတည်ငြိမ်မှုမှသည် တည်ငြိမ်မှု၊ မငြိမ်းချမ်းမှုကနေ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်လာမယ်၊ သာတူညီမျှမရှိတဲ့ အနေအထားကနေ ညီညွတ်မျှတတဲ့ အေးအတူပူအမျှ အနေအထားတစ်ခုကို ရောက်လာမယ်၊ လုံခြုံမှုကင်းမဲ့နေတဲ့ လူ့အဖွဲ့အစည်းတွေအတွက် လုံခြုံမှုတွေရှိလာမယ်၊ ဖိနှိပ်မှု၊ စွက်ဖက်မှု၊ အနိုင်ကျင့်မှုတွေမရှိတဲ့ ယဉ်ကျေးတဲ့ အသိုင်းအဝိုင်းတွေ ပေါ်ပေါက်လာမယ်၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ တိုးတက်ဖွံ့ဖြိုးမှုတွေ ရရှိလာမယ်။ ဒီအချက်တွေဟာ SCO ရဲ့ အသီးအပွင့်တွေအဖြစ် ဆက်လက်မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။

**SCO ရဲ့ ညီညွတ်မှုနဲ့ တိုးတက်မှုကို ပြသနိုင်စွမ်းတဲ့ ရှန်ဟိုင်းစိတ်ဓာတ်ကို နမူနာယူပြီး မြန်မာနိုင်ငံမှာလည်း မြန်မာတို့ရဲ့မြန်မာစိတ်ဓာတ်နဲ့ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ပြသကြဖို့ ဖြစ်ပါတယ်။ လက်ရှိအခြေအနေက နိုင်ငံမှာတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့က အလွန်အရေးကြီးတဲ့ အချိုးအကွေ့တစ်ခုမှာ ရောက်ရှိနေပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကတော့ နိုင်ငံရဲ့ဂုဏ်နဲ့ မြန်မာတို့ရဲ့သိက္ခာကို ကမ္ဘာ့လူဦးရေထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ နိုင်ငံတွေရဲ့အလယ်မှာ ထည်ထည်ဝါဝါ မြှင့်တင်ပေးခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတိုးတက်ဖို့ သာယာဝပြောဖို့အခြေအနေကောင်းတွေ၊ အခွင့်အလမ်းကောင်းတွေကို ယခုလိုအရယူနိုင်ခဲ့တဲ့အပေါ် ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးမှုလိုလားတဲ့ ပြည်သူအားလုံးကလည်း ဖော်ပြပါ SCO အစီအစဉ်များကို အလေးအနက်ထား ထောက်ခံလျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။** ။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၄**
(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ချောချောစိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် ဘာသာရပ်များတွင် ပြိုင်ပွဲဝင်များ အဆင့်အလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီက ချမှတ်ထားသည့် ပြိုင်ပွဲဝင်စည်းကမ်းချက်များနှင့်အညီ စိစစ်ရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲအကြိုကာလ လှုံ့ဆော်ရေးအစီအစဉ်အဖြစ် ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခန်းများ ရိုက်ကူးပြီး မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပြသရေး၊ ပြိုင်ပွဲဦးတည်ချက်များ၊ အဆိုနှင့်အတီး စံပြတေးသီချင်းများထုတ်လွှင့်ရေး၊ လှုံ့ဆော်ရေးဆိုင်းဘုတ်များစိုက်ထူရေးတို့ကို ဆောင်ရွက်ကြရန်၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုတင်စစ်ဆေးကာကွယ်မှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ရန်၊ ယခုနှစ် ကျင်းပမည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်ကာလ၊ ပြိုင်ပွဲကာလ၊ ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲအပါအဝင် ပြိုင်ပွဲပြီးဆုံးချိန်အထိ မူလစီမံထားရှိသည့်အတိုင်း စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေးဘဏ်များ၌ ပင်စင်ထုတ်ယူကြသည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး



**နေပြည်တော် စက်တင်ဘာ ၂၄**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့ မြန်မာ့စီးပွားရေးဘဏ်များ၌ ပင်စင် လာရောက်ထုတ်ယူကြသည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့တို့၌ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ငါးသေတ္တာ၊ သကြား၊ အားဖြည့်အချိုရည်နှင့် ခြင်ဆေးဘူးများပေးအပ်ပြီး ပျဉ်းမနားမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် ရပ်ကွက်ကျေးရွာများရှိ စုရပ်များ၌ အသက်ငါးနှစ်အောက်ကလေးငယ် ၂၂၉၉ ဦးတို့အား အာဟာရအခြေအနေ ဆန်းစစ်ခြင်း၊ အင်အားပြည့်ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရဆေးမှုန့်များ ပေးအပ်ခြင်း၊ အာဟာရချို့တဲ့သောကလေးများအား ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်၌ ခွေးရူးရောဂါဆိုင်ရာ အသိပညာပေး

**မင်္ဂလာဒုံ စက်တင်ဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းရှိ မြရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူခိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်က ဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေါက်တာ နီလာလတ်က ခွေးရူးရောဂါအကြောင်းသိကောင်းစရာများဟောပြောခြင်းနှင့် ခွေးရူးရောဂါအကြောင်း အသိပညာပေး Video Clip ဖြင့် ရှင်းလင်းပြသခဲ့သည်။ ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံ လှူဒါန်းပေးအပ်ခဲ့သည်။

**မင်းသိန်းထွန်း**



## ကော့ကရိတ်မြို့နယ်၌ နိုင်ငံသား ၈၆၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**ကော့ကရိတ် စက်တင်ဘာ ၂၄**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့်ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ဒေါနခန်းမ၌ ကျင်းပရာ ကော့ကရိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထင်အောင်မိုးတို့က ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် ၈၆၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ခဲ့ကြောင်း၊ ကျန်ရှိနေသည့်ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဟသ္သာတမြို့နယ်၌ မွေးမြူရေးကဏ္ဍ ချေးငွေပေးအပ်

**ဟသ္သာတ စက်တင်ဘာ ၂၄**
ဟသ္သာတမြို့နယ်၌ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ရှစ်ဘီလီယံမှ မွေးမြူရေးကဏ္ဍချေးငွေကို ဟသ္သာတမြို့နယ်အတွင်းရှိ မွေးမြူသူများထံသို့ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ခရိုင်အဆင့်အတွင်းရေးမှူး ဦးကျော်ခိုင်ဦးနှင့် ဟသ္သာတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာယုနန္ဒာအောင်က မြို့နယ်အတွင်း မွေးမြူရေးကဏ္ဍချေးငွေဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အတွင်းရှိ မျိုးဝက်မမွေးမြူသူများ၊ အသားတိုးဝက်မွေးမြူသူများ၊ နို့စားနွားမွေးမြူသူများ၊ ဆိတ်မွေးမြူသူများ စုစုပေါင်း ၈၇ ဦးတို့အား တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရှစ်ဘီလီယံမှ မွေးမြူရေးကဏ္ဍချေးငွေကျပ်သိန်း ၁၇၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ညှိနှိုင်းစည်းဝေး

## ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ပြသမှုတစ်ခုတည်းသာမက အနုပညာလုပ်ငန်းများစွာ ဘက်စုံအသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၄**

ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းမှတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် လမ်းညွှန်မှုများပေးထားပြီးဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ပြသမှုတစ်ခုတည်းသာမက အနုပညာလုပ်ငန်းများစွာ ဘက်စုံအသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မတ်လတွင်ဖွင့်လှစ်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံအား အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ယာဉ်ရပ်နားရန်နေရာများကိုပါ တစ်ပါတည်း စဉ်းစားဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ရုပ်ရှင်ရုံသို့ လာရောက်ကြသည့်ပရိသတ်များ အဆင်ပြေချောမွေ့စွာ လာရောက်နိုင်ရေးအတွက် သင့်လျော်သည့်နေရာတွင် လူကူးခုံးကျော်တံတား သို့မဟုတ် မြေအောက်လမ်းကူး လူသွားဥမင်(Underpass) တည်ဆောက်ရေးကိစ္စများကိုပါ ကြိုတင်တွက်ဆ စဉ်းစားဆောင်ရွက်ပေးကြရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌများက လေအေးပေးစက်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အဆောက်အအုံပြုပြင်မွမ်းမံခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အသံ (Audio)၊ မီး(Lighting)၊ ပြသခြင်း (Projection)ဆိုင်ရာ ပြုပြင်မွမ်းမံရန် လိုအပ်သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ ဗိသုကာဆိုင်ရာနည်းပညာများ၊ လျှပ်စစ်ကဏ္ဍ၊ ရေနှင့် မိလ္လာ ကောင်းမွန်စေရေး၊ လူသွားစင်္ကြံများ စနစ်တကျဖြစ်စေရေး၊ ပြဇာတ်အဆင်အပြင်စသည်တို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများအား မြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ထမ်းများက ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် မြို့နယ်ရုံး၊ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် ရုံးလက်ခံနိုင်-၄ မှတ်တမ်း၊ အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များအား တိုက်ဆိုင်စိစစ် ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❑ *ကျောဖုံးမှ*

အဆိုပါ သံချောင်းလုံးများ မြို့ဟောင်းဘူတာသို့ ရောက်ရှိစဉ်တွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂါဆာ" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ စက်တင်ဘာ ၃၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ၂၀၂၃ - ၂၀၂၄ ခုနှစ်အကြောင်း သိကောင်းစရာ

**အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုများကို လေ့လာသုံးသပ်နိုင်ရန်နှင့် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှိ လူ့စွမ်းအားဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သော အညွှန်းကိန်းများကို စုစည်းပြုစုထားသည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် (Hand Book on Human Resources Development Indicators–HRDI) ကို နှစ်စဉ် ထုတ်ဝေလျက်ရှိပါသည်။**

**အေးမွန် (လေဘာ)**

ယခုနှစ် လက်စွဲစာအုပ်တွင် အညွှန်းကိန်းပေါင်း ၅၈ ခု ပါဝင်ပြီး လူဦးရေ၊ ဖွား/သေ စာရင်းအင်း၊ ကျန်းမာရေးနှင့် အာဟာရ၊ ပညာရေးနှင့် လေ့ကျင့်မှု၊ လုပ်သားစာရင်းအင်း၊ စီးပွားရေးစာရင်းအင်းများ၊ မြေယာအသုံးချမှုနှင့် အခြားစာရင်းအင်းများဟူ၍ ခေါင်းစဉ်များဖြင့် အခန်း (၁) မှ (၈) ထိ ကဏ္ဍအလိုက် လည်းကောင်း၊ အညွှန်းကိန်းများကို အမှတ်စဉ်အလိုက် စုပေါင်း၍ အခန်း (၉)တွင် လည်းကောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ထို့ပြင် ယင်းစာအုပ်တွင် အညွှန်းကိန်းများကို ၂၀၁၈–၂၀၁၉ ခုနှစ်မှ ၂၀၂၃–၂၀၂၄ ခုနှစ်ထိ ခြောက်နှစ်စာ ဖော်ပြထားသဖြင့် စာရင်းအင်းအခြေအနေများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သိရှိနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုလည်း နှစ်အလိုက် နှိုင်းယှဉ်သုံးသပ်နိုင်မည်ဖြစ်ပါသည်။

ဤလက်စွဲစာအုပ်ပါ အညွှန်းကိန်း ၅၈ ခု၏ ကိန်းဂဏန်း အချက်အလက်များကို ဝန်ကြီးဌာန ၂၁ ခုလက်အောက်ရှိ ဦးစီးဌာန ၄၄ ခု၊ တက္ကသိုလ်/ကောလိပ် ငါးခု၊ အသင်းအဖွဲ့ နှစ်ခုနှင့် ကော်မတီ တစ်ခုတို့က ပံ့ပိုးပေးထားခြင်းဖြစ်ပါသည်။ အဆိုပါကိန်းဂဏန်း၊ အချက်အလက်များသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ကော်မတီများမှ ပြုစု၊ တွက်ချက်ထားရှိခြင်းနှင့် စစ်တမ်း၊ သန်းခေါင်စာရင်းများမှ ရရှိခြင်းဖြစ်ပါသည်။ ထို့ပြင် စာအုပ်တွင် အညွှန်းကိန်းနှင့်သက်ဆိုင်သော အဓိပ္ပာယ်ဖော်ပြချက်များ၊ တွက်ချက်မှုများ (Glossary, Definition and Methodology) ကိုသာမက ကိန်းဂဏန်းရရှိသည့် အရင်းအမြစ်များကိုလည်း အောက်ခြေမှတ်ချက် (Foot Note) များဖြင့် ခိုင်မာစွာဖော်ပြထားပါသည်။

**“လူ့စွမ်းအားဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သော အညွှန်းကိန်းများကို စုစည်းပြုစုထားသည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများလက်စွဲစာအုပ် (Hand Book on Human Resources Development Indicators-HRDI) ကို ယခင်ကာလများတွင် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ သွားရောက်မည့်သူများသည် ရည်ညွှန်းကိုးကား ပြောကြားနိုင်ရန် မပါမဖြစ် ယူသွားလေ့ရှိပါသည်။ သို့သော် ယခု ဒစ်ဂျစ်တယ်ခေတ် ကာလတွင်မူ မည်သည့်နေရာတွင်မဆို ရောက်ရှိသည့်နေရာမှ HRDI လက်စွဲစာအုပ်ပါ အချက်အလက်များကို မိမိတို့ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.mol. gov. mm တွင် အချိန်အခါမရွေး၊ နေရာမရွေး ဝင်ရောက်ကြည့်ရှုအသုံးပြုနိုင်ပြီဖြစ်”**

## လက်စွဲစာအုပ်၏သမိုင်းကြောင်း

ဤလူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အထောက်အပံ့ဖြင့် ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရေးဆွဲ၍ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေးစီမံကိန်း (Use of HRDI for the Population and Development Planning Processes) အရ လက်စွဲစာအုပ် ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

စီမံကိန်းအပြီး ၆–၈–၁၉၉၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးသို့ စီမံကိန်း၏ရလဒ်အဖြစ် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများ လက်စွဲစာစောင်တို့ကို တင်ပြခဲ့ရာ ဝန်ကြီးဌာနများအနေဖြင့် လက်ခံအသုံးပြုဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရန်အတွက် အလုပ်သမားဝန်ကြီးဌာနကဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က လမ်းညွှန်မှုပြုခဲ့ပါသည်။ အဆိုပါ လမ်းညွှန်ချက်နှင့်အညီ HRDI လက်စွဲစာအုပ်ကို ၁၉၉၇ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ရာ ယခုနှစ်ထုတ်ဝေသည့် “လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများလက်စွဲစာအုပ် ၂၀၂၃–၂၀၂၄ ခုနှစ်” သည် ငွေရတုအကြိုကိုပင် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

## အဆင့်ဆင့်ဆောင်ရွက်

ယင်းသို့ HRDI စာအုပ်ထုတ်ဝေနိုင်ရန် စာအုပ်တွင်ပါရှိသည့် အညွှန်းကိန်းနှင့် သက်ဆိုင်သောဌာန၊ အဖွဲ့အစည်း၊ ကော်မတီများ ထံသို့ ကိန်းဂဏန်းအချက်အလက်များ တောင်းခံခြင်း၊ ရရှိလာသော ကိန်းဂဏန်းအချက်အလက်များကို ပြုစုခြင်း၊ HRDI လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (Core Working Group–CWG) အစည်းအဝေးပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရပါသည်။

ယခုနှစ် HRDI လက်စွဲစာအုပ်ထုတ်ဝေနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ၏ရလဒ်ဖြစ်သော ပုဂ္ဂလိကအခန်းကဏ္ဍများမှ အညွှန်းကိန်းများ ပါဝင်ထည့်သွင်းစေရေး အကြံပြုထားကြသည့်အတိုင်း ယခုနှစ် လက်စွဲစာအုပ်တွင် ပညာရေးကဏ္ဍ၌ ပုဂ္ဂလိကကျောင်း၊ ကျောင်းသား ကျောင်းသူအရေအတွက်များကို ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကအခန်းကဏ္ဍမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် အခြားစာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များ ပိုမိုရရှိစေရေးနှင့် ရှေ့နှစ်များတွင်ထုတ်ဝေမည့် လက်စွဲစာအုပ်များတွင် ထည့်သွင်းနိုင်ရေး ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤလက်စွဲစာအုပ်၏ အခန်း (၁) လူဦးရေကဏ္ဍတွင် မိမိတို့နိုင်ငံ၏ လူဦးရေနှင့် လူဦးရေတိုးတက်မှုနှုန်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေ၊ ဧရိယာသိပ်သည်းမှုနှင့် အိမ်ထောင်စု အရွယ်အစား၊ အသက်အုပ်စုနှင့် ကျား/မ အလိုက် လူဦးရေ၊ မှီခိုသူ အချိုးတို့ကို ဖော်ပြထားပါသည်။

အခန်း (၂) ဖွား/သေစာရင်းအင်းကဏ္ဍတွင် မြန်မာနိုင်ငံ၏ ဖွား/သေ စာရင်းအင်းအချက်အလက်များဖြစ်သော မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်း၊ သားဖွားမိခင်သေနှုန်းနှင့် မွေးဖွားစဉ် မျှော်မှန်းသက်တမ်းတို့ ပါရှိပါသည်။ အခန်း (၃) ကျန်းမာရေးနှင့် အာဟာရကဏ္ဍတွင် နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းနှင့် အသုံးအဆောင်ရရှိနိုင်မှုတို့ကို လွှမ်းခြုံဖော်ပြသည့် အချက်အလက်များနှင့် တိုင်းရင်းဆေးပညာကဏ္ဍများပါ လေ့လာနိုင်မည်ဖြစ်ပါသည်။

အခန်း (၄) ပညာရေးနှင့် လေ့ကျင့်မှုကဏ္ဍတွင် အခြေခံပညာနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ဘာသာရပ်အလိုက် ဘွဲ့ရဦးရေ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကကျောင်းများမှ ဆောင်ရွက်သည့် ကျွမ်းကျင်မှုအဆင့်အလိုက် ကာလတိုနှင့် ကာလရှည်သင်တန်းများ၊ နိုင်ငံခြားသား ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ နိုင်ငံခြားပညာတော်သင်စေလွှတ်ခဲ့သော အရေအတွက်များကို တွေ့ရှိရမည်ဖြစ်ပါသည်။ အခန်း (၅) လုပ်သားစာရင်းအင်းကဏ္ဍတွင် လုပ်သားအင်အား၊ လုပ်သားအင်အားပါဝင်မှုနှုန်းနှင့် အလုပ်လက်မဲ့နှုန်း၊ လုပ်ငန်းအမျိုးအစားအလိုက်နှင့် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လက်ရှိပျံ့နှံ့မှုနှုန်း၊ အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ရလုပ်သားများ၊ စစ်ဆေးအကဲဖြတ်သူများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်ရေးဌာနများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် နိုင်ငံအလိုက် အလုပ်သမားများစာရင်း၊ သဘော်ဝန်ထမ်း အလုပ်အကိုင်ရရှိမှုအခြေအနေ၊ လူမှုဖူလုံရေးအကျိုးဝင်အလုပ်ဌာနများ၊ အလုပ်သမားများ အခြေအနေနှင့် လူမှုဖူလုံရေးဆိုင်ရာအချက်အလက်များ ပါဝင်ပါသည်။

အခန်း (၆) စီးပွားရေးစာရင်းအင်းများကဏ္ဍတွင် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် မှတ်ပုံတင်ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် ဂျီဒီပီ၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာအချက်အလက်များ၊ ကဏ္ဍအလိုက် နိုင်ငံတော်အသုံးစရိတ်များ၊ စားသုံးသူဈေးဆနှုန်းကိန်းများကို ဖော်ပြထားပါသည်။ အခန်း (၇) မြေယာအသုံးချမှုကဏ္ဍတွင် စိုက်ဧရိယာ၊ မြေယာအသုံးချမှုနှင့် သစ်တောဖုံးလွှမ်းမှုတို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။ အခန်း (၈) အခြားစာရင်းအင်းများကဏ္ဍတွင် ပညာရေးအဆင့်အလိုက် အမျိုးသမီးကျောင်းသူ ပါဝင်မှုနှုန်း၊ အစိုးရနှင့် နိုင်ငံရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ သတင်းနှင့်ပြန်ကြားရေး၊ လူထုမီဒီယာနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ လူမှုဝန်ထမ်းစောင့်ရှောက်ရေး လုပ်ငန်းများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ လူမှုဝန်ဆောင်မှု ဆောင်ရွက်ပေးသော ကျေးရွာများ၊ မှုခင်းဖြစ်ပွားမှုနှုန်းတို့ကို လေ့လာနိုင်မည်ဖြစ်ပါသည်။

အခန်း (၉) အမှတ်စဉ်အလိုက် အညွှန်းကိန်းများကဏ္ဍတွင် အထက်ဖော်ပြပါအခန်း (၁) မှ အခန်း (၈) အထိကဏ္ဍများရှိ အညွှန်းကိန်းများကို အမှတ်စဉ်အလိုက် ရိုးရှင်းစွာ ဖော်ပြထားပါသည်။

## ဝင်ရောက်ကြည့်ရှုအသုံးပြုနိုင်ပြီ

ဤသို့ လူ့စွမ်းအားဖွံ့ဖြိုးမှုနှင့်သက်ဆိုင်သော အညွှန်းကိန်းများကို စုစည်းပြုစုထားသည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများလက်စွဲစာအုပ် (Hand Book on Human Resources Development Indicators–HRDI) ကို ယခင်ကာလများတွင် ပြည်တွင်း၊ ပြည်ပအစည်းအဝေးများ၊ ဆွေးနွေးပွဲများ သွားရောက်မည့်သူများသည် ရည်ညွှန်းကိုးကားပြောကြားနိုင်ရန် မပါမဖြစ် ယူသွားလေ့ရှိပါသည်။ သို့သော် ယခု ဒစ်ဂျစ်တယ်ခေတ်ကာလတွင်မူ မည်သည့်နေရာတွင်မဆို ရောက်ရှိသည့်နေရာမှ HRDI လက်စွဲစာအုပ်ပါ အချက်အလက်များကို မိမိတို့ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.mol.gov.mmတွင် အချိန်အခါမရွေး၊ နေရာမရွေး ဝင်ရောက်ကြည့်ရှုအသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

ထို့ကြောင့် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထားသော ၂၀၂၃–၂၀၂၄ ခုနှစ် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများလက်စွဲစာအုပ်ကို ဝန်ကြီးဌာနများ၊ အညွှန်းကိန်းနှင့်သက်ဆိုင်သောဌာနများနှင့် တက္ကသိုလ်စာကြည့်တိုက်များသို့ ၂၀၂၅ ခုနှစ် ဇွန်လတွင် ဖြန့်ဝေထားပြီးဖြစ်သကဲ့သို့ မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ သုတေသီများ၊ ကျောင်းသား ကျောင်းသူများက အလုပ်သမားဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာကြည့်ရှု၍ လိုအပ်သည့် စာရင်းအင်း ကိန်းဂဏန်း အချက်အလက်များကို အသုံးပြုနိုင်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်။ ။

**“အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထားသော ၂၀၂၃-၂၀၂၄ ခုနှစ် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်ကို ဝန်ကြီးဌာနများ၊ အညွှန်းကိန်းနှင့်သက်ဆိုင်သော ဌာနများနှင့် တက္ကသိုလ်စာကြည့်တိုက်များသို့ ၂၀၂၅ ခုနှစ် ဇွန်လတွင် ဖြန့်ဝေထားပြီးဖြစ်သကဲ့သို့ မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ သုတေသီများ၊ ကျောင်းသား ကျောင်းသူများက အလုပ်သမားဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာကြည့်ရှု၍ လိုအပ်သည့် စာရင်းအင်းကိန်းဂဏန်း အချက်အလက်များကို အသုံးပြုနိုင်”**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ရခိုင်ပြည်နယ်ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ ဖျော်ဖြေတင်ဆက်

**စစ်တွေ စက်တင်ဘာ ၂၄**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ရခိုင်ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရခိုင်ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကား ပြောကြားပြီး ရခိုင်တိုင်းရင်းသား ရိုးရာအကအဖွဲ့က သျှင်ဒိုင်ယိမ်း သီချင်း၊ ပြည်နယ်ကိုယ်စားပြု အခြေခံ ကဗျာလွတ်အကအဖွဲ့၊ အခြေခံပညာ အသက် (၁၅-၂၀) ကာလပေါ်(အမျိုးသား)၊ အခြေခံပညာ အသက်(၁၀-၁၅) ကာလပေါ် (အမျိုးသမီး)ပြိုင်ပွဲဝင်များ၊ အခြေခံပညာအသက်(၁၅-၂၀) အမျိုးသား တစ်ဦးချင်း၊ အခြေခံပညာအသက် (၁၀-၁၅)အမျိုးသမီးတစ်ဦးချင်း အကပြိုင်ပွဲဝင်များက ဘာသာရပ် အလိုက် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်များက တနင်္သာရီတိုင်းဒေသကြီး ထားဝယ် ရိုးရာယနန်းအကဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က အကအဖွဲ့ဝင်များနှင့် တစ်ဦးချင်းပြိုင်ပွဲဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်တာဝန်ရှိသူများသည် ရခိုင်တိုင်းရင်းသားရိုးရာတူရိယာများကို လှည့်လည်ကြည့်ရှုကြပြီး ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားကြသည်။

ဆက်လက်၍ စစ်တွေမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် သီးခြား တပ်ဖွဲ့များက စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။ **တင်ထွန်း (မြန်/ဆက်)**



# မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး မဲခေါင်-လန်ချန်းနိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှုမြှင့်တင်ခြင်းစီမံကိန်း၏ သုတေသနရလဒ်များမျှဝေခြင်းနှင့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

"မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး မဲခေါင်-လန်ချန်းနိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှု လွယ်ကူချောမွေ့မှု မြှင့်တင်ခြင်းစီမံကိန်း" ၏ သုတေသနရလဒ်များ မျှဝေခြင်းနှင့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ



အောင်ကြီးက နိုင်ငံတော်ကချမှတ်ထားသည့် ပို့ကုန်နှစ်ဆမြှင့်တင်ရေး လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှုမြှင့်တင်ခြင်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် စီမံကိန်းလုပ်ငန်းစဉ်များ၌ ပို့ကုန်အလားအလာအရှိဆုံး သီးနှံများဖြစ်သည့် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်သုတေသနလေ့လာခြင်းအပါအဝင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ဆက်စပ်လုပ်ငန်းများ ထည့်သွင်းရေးဆွဲထားသည့် ယခုစီမံကိန်းအတွက် ရန်ပုံငွေပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(နိုင်ငံခြားရေးဝန်ကြီးဌာန)နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ ပညာရှင်များကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်း၏ရည်ရွယ်ချက်နှင့် သုတေသနအနှစ်ချုပ်ကိုတင်ပြပြီး ဒုတိယဝန်ကြီးများက ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ဖရဲ၊ ရေထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပို့ကုန်အလားအလာသုတေသနလေ့လာခြင်း စာအုပ်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ စီမံကိန်း ၄၂ ခု အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၁ သန်းခန့် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးထိန်လင်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၂၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားဥယျာဉ်စီမံကိန်းတွင် ဆောက်လုပ်လျက်ရှိသော အားကစားရုံနှင့် ဘောလုံးကွင်း၊ အားကစားသမား အိပ်ဆောင်များ၊ စားရိပ်သာနှင့်ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး အားကစားဥယျာဉ် လုံခြုံရေးကိစ္စရပ်များ၊ အားကစားခန်းမ အချိန်မီပြီးစီးနိုင်ရေးကိစ္စရပ်များ ဆွေးနွေးမှာကြားကာ ကားရပ်နားရန်နေရာနှင့် ရေကူးကန်ဆောက်လုပ်ရန် လျာထားနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)သို့ ရောက်ရှိပြီး အားကစားသမားများ လေ့ကျင့်လျက်ရှိသည့် ဘောလုံးကွင်းနှင့်ပြေးလမ်း၊ အလေးမလေ့ကျင့်ရေးရုံ၊ ပိုက်ကျော်ခြင်းရုံ၊ လက်ဝှေ့အားကစားရုံနှင့် GYM အားကစားခန်းမတို့ကိုကြည့်ရှုစစ်ဆေးကာ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊ ဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရေးတို့အတွက် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရေး၊ သင်တန်းသား၊ သင်တန်းသူများ အရည်အသွေး ပြည့်မီစွာဖြင့် နိုင်ငံ့လက်ရွေးစင် ထူးချွန်အားကစားသမားများပေါ်ထွန်းအောင် လေ့ကျင့်ပြုစုပျိုးထောင်ရေးကိစ္စများကို မှာကြားသည်။

**စနစ်တကျထိန်းသိမ်း**

မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ရာမညအားကစားကွင်း၊ အားကစားခန်းမနှင့် ကျောင်းသားအားကစားကွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အားကစားကွင်း၊ အားကစားရုံများတွင် အားကစားပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိစေရေး၊ အဆောက်အအုံများ ရေရှည်တည်တံ့စေရေးတို့ကိုမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရာမညအားကစားကွင်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ တာဝန်အပေါ် စေတနာထပ်ပေါင်းပြီး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေရေး ပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စည်သူ(မြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မုံရွာမြို့၌ ဂျပန်အစားအစာ၊ ဖျော်ရည်အမျိုးမျိုး ပြုလုပ်နည်းသင်တန်းနှင့် Fitness Dance သင်တန်းဆင်းပွဲ ကျင်းပ

**မုံရွာ စက်တင်ဘာ ၂၄**

ဂျပန်အစားအစာနှင့် ဖျော်ရည်အမျိုးမျိုး ပြုလုပ်နည်း သင်တန်းနှင့် Fitness Dance သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း အတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖွင့်လှစ်ခဲ့သည့် ဂျပန်အစားအစာနှင့် ဖျော်ရည် အမျိုးမျိုးပြုလုပ်နည်းသင်တန်းသည် တစ်ပိုင်တစ်နိုင် လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရေးနှင့် လူငယ်များ အလုပ်အကိုင် အခွင့် အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ ယခုသင်တန်းမှရရှိခဲ့သည့် အသိပညာ ဗဟုသုတများကို လက်တွေ့နယ်ပယ်ဖြစ်သည့် မိမိ မိသားစု၊ မိမိရုံး၊ မိမိပတ်ဝန်းကျင်၊ မိမိမြို့နယ်၊ လူထု လှုပ်ရှားမှုများအထိ အသုံးချနိုင်ရန် အမြဲတမ်းလေ့ကျင့် လေ့လာသင်ယူသွားကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်၏ အားကစားဆိုင်ရာ မူဝါဒများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွား ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က သင်တန်းနည်းပြနှင့် တိုင်းဒေသကြီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အေရိုးဗစ်အသင်း အတွက် ချီးမြှင့်ငွေများကိုလည်းကောင်း၊ တိုင်းဒေသ ကြီး လူမှုရေးရာဝန်ကြီးက သင်တန်းသား၊ သင်တန်း သူများထံ သင်တန်းဆင်းလက်မှတ်များကိုလည်း ကောင်း ပေးအပ်ချီးမြှင့်ကြပြီး ကပြဖျော်ဖြေမှုများနှင့် ဂျပန်အစားအစာနှင့် ဖျော်ရည်အမျိုးမျိုးပြုလုပ်နည်း သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ၏ လက်တွေ့ သရုပ်ပြပြုလုပ်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဓာတ်ပုံ)

**တိုင်းဒေသကြီး (ပြန်/ဆက်)**

---

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းတောင်ပေါ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး ဝမ်တာခက်တံတားသစ် ဆောက်လုပ်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မက်မန်းတောင်ပေါ်ဒေသ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မက်မန်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ် ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင်များ၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ရှမ်း၊ "ဝ" လွယ်လနှင့်လားဟူ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ် များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ မက်မန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဒေသ ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြား ပြီး တာဝန်ရှိသူများ၏ ဆွေးနွေး တင်ပြမှုများကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဌာန ဆိုင်ရာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့် ငွေများပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မက်မန်း မြို့ရှိ ပညာဒီပကျောင်းတိုက်သို့ သွားရောက်၍ သံဃာတော်များ အား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်း များ၊ နဝကမ္မအလှူငွေများ ဆက်ကပ် လှူဒါန်းသည်။ ယင်းနောက် မိုင်းပျဉ်း-မက်မန်း လမ်းပေါ်ရှိ နမ့်ခချောင်းကူး ဝမ်တာ ခက်တံတားသစ် ဆောက်လုပ် ရေး စီမံကိန်းနေရာသို့ သွားရောက် ၍ ဝမ်တာခက် ဘေလီတံတား ဟောင်း၏ကြံ့ခိုင်မှုအခြေအနေနှင့် တံတားသစ် ဆောက်လုပ်နေမှု အခြေအနေများအား ကြည့်ရှု စစ်ဆေးပြီး (ဓာတ်ပုံ) လိုအပ်သည်များ ကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တံတားဟောင်းမှာ ၂၀၂၄ ခုနှစ်အတွင်း တောင်ကျ ချောင်းရေ တိုက်စားမှုကြောင့် တံတားတိုင်များ ပျက်စီးခဲ့သဖြင့် ၎င်း၏အနီး၌ အရှည်ပေ ၄၄၀ ရှိ RC Concrete အမျိုးအစား တံတား သစ်အား ၂၀၂၅-၂၀၂၆ ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တံတားဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်လျက်ရှိ သော စီမံကိန်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် စက်တင်ဘာ ၂၅ ရက် ၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်း ရသည်။ **မိုး/ဇလ**

---

❍ *ကျော့ဖုံးမှ*

တောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ် ကမ်းရိုးတန်းဒေသများကို စတင် ဖြတ်ကျော်နိုင်သည်။ ထိုမှတစ်ဆင့် နောက် ၄၈ နာရီအတွင်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများကို အပူပိုင်းမုန်တိုင်းအဖြစ် ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

---

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

---

# သနပ်ပင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**သနပ်ပင် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သနပ်ပင်) ၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ပညာရေးမှူး ဦးမျိုးဝင်းအောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဒေါ်ကြင်ကြင်သန်း၊ ပဲခူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေး အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (သနပ်ပင်) ရှိ ဇီဇဝါခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့ သီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက အမှာစကား ပြောကြားပြီး ဉာဏ်ဏစွမ်းရည်ပြိုင်ပွဲများ၊ ကာယစွမ်းရည်ပြိုင်ပွဲများ၊ ကလေးစာဖတ်ခန်း၊ ဌာနဆိုင်ရာ ပြခန်းများ၊ ကျောင်းစာကြည့်တိုက် နှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှု အားပေးကာ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

❖ *ကျော့ဖုံးမှ*

ရီးရဲမက်ဒရစ်အသင်းမှ အဓိက တိုက်စစ် ကစားသမား အမ်ဘာပေ အထူးခြေစွမ်းပြသ နိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၎င်းသည် အဆိုပါ သွင်းဂိုးများကြောင့် လာလီဂါပွဲစဉ် ခြောက်ပွဲကစားပြီးချိန်တွင် သွင်းဂိုး ခုနစ်ဂိုး အထိ ရှိလာပြီဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ပွဲချိန် တစ်လျှောက်တွင် ပြိုင်ဘက် လီဗန်တေး အသင်းကို ဂိုးပေါက်ခြိမ်းခြောက်မှုအသာနှင့် အတူ ထိုးဖောက်တိုက်စစ်ဆင် ကစားနိုင်ခဲ့ သည်။ လီဗန်တေးအသင်း၏ တုံ့ပြန်တိုက်စစ် ဆင်မှုများကလည်း ရီးရဲမက်ဒရစ်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့စေ ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါခြောက်ပွဲ ကစားပြီး ခြောက်ပွဲစလုံးနိုင်ပွဲရရှိကာ ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားကို အမှား အယွင်းမရှိ ဦးဆောင်ထားနိုင်သည်။ ပြိုင်ဘက် လီဗန်တေးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးပွဲရှုံး ရလဒ်ဖြင့် တန်းဆင်းဇုန်အထက် တွင် ရပ်တည်နေသည်။ လာလီဂါပွဲစဉ် (၆) မှ အခြားပွဲစဉ်ရလဒ်တွင် ဗီလာရီးရဲက ဆီဗီလာ ကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုး ဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် လေးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၄**
နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် လေးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေး ခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်း ခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦး စုစုပေါင်း လေးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 တစ်လက်၊ ၎င်းကျည်အိမ် သုံးခု၊ ၎င်းကျည် ၇၁ တောင့်၊ RPG တစ်လက်၊ Type-79 တစ်လက်၊ RPG ဗုံးသီး သုံးလုံး၊ ၄၀ မမ ဗုံးသီး တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦး၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



ကျွန်တော်တို့ ရန်နောင်မှာ တိုက်ပွဲတွေဖြစ်တော့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က စစ်ရှောင်ရင်းနဲ့ ပဒပ်ချောင်းကျေးရွာကို ရောက်ရှိသွားခဲ့ပါတယ်။ ဒီလို ရောက်ရှိသွားတဲ့အချိန်မှာ အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တွေ ရွာထဲကိုရောက်ရှိလာပြီး ကျွန်တော်တို့အသက်အရွယ်ယောကျ်ားလေးတွေကို သူတို့ဝေယျာဝစ္စတွေ ခိုင်းဖို့နဲ့ သူတို့အဖွဲ့ထဲကို ဝင်ဖို့ ခေါ်ဆောင်သွားခဲ့ပါတယ်။ ရန်နောင်မှာ ပြန်ငြိမ်းနေလို့ရပြီ။ ပြန်မယ်ဆိုတော့ သူတို့စခန်းတွေကို သိနေတာက တစ်ကြောင်း၊ နောက်တစ်ခုက သူတို့ခိုင်းတာတွေကို လုပ်ပြီးသွားပြီ ဖြစ်တဲ့အတွက် တပ်မတော်ဘက်က သိလို့ရှိရင် ဖမ်းပြီးတော့ နှိပ်စက်မယ်။ အဲဒီလိုပြောတဲ့အတွက် ကျွန်တော်တို့ ဆက်ပြီးတော့ နေခဲ့ရတယ်။ ကြာလာတော့ လူမျိုးရေးခွဲခြားလာတယ်။ အလုပ်ဆိုရင်လည်း ကျွန်တော်တို့ပဲ လုပ်ရတယ်။ ကင်းစောင့်ရင်လည်း ကျွန်တော်တို့ပဲ စောင့်ရတယ်။ ပြောမှားဆိုမှား ရှိလို့ရှိရင်လည်း ကျွန်တော်တို့ အနှိပ်စက်ခံရတယ်။ ပြည်သူတွေကို ဥပဒေမဲ့စွာ ဖမ်းတယ်။ ဖမ်းပြီးတော့ နှိပ်စက်တယ်။ ကျွန်တော်တို့တွေဆိုလည်း မိဘတွေနဲ့ အဆက်အသွယ်လည်း မရဘူး။ မိဘတွေနဲ့လည်း အဆက်အသွယ် မလုပ်ခိုင်းဘူး။ ဖုန်းတွေကိုလည်း သိမ်းထားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မိဘတွေနဲ့လည်း ပြန်နေချင်တယ်။ မြို့ပေါ်မှာ တခြားသူငယ်ချင်းတွေ ပျော်နေတာ မြင်ရင်လည်း အားကျမိတယ်။ ပြီးတော့ လူငယ်တွေလို လွတ်လွတ်လပ်လပ်လည်း နေချင်တယ်။ ဥပဒေဘောင်အတွင်းမှာ စည်းကမ်းတကျလည်း ပြန်နေချင်တာကြောင့် ကျွန်တော်တို့ လေးယောက်တိုင်ပင်ပြီးတော့ အဖွဲ့ထဲမှာ ပစ်အားအကောင်းဆုံးဆိုတဲ့ လက်နက်တွေကို ယူဆောင်ပြီးတော့ တပ်မတော်ထံ အလင်းဝင်ရောက်ခဲ့တယ်။ အလင်းဝင်ရောက်လာတဲ့ အခါမှာလည်း တပ်မတော်ဘက်က ကျွန်တော်တို့ကို နှိပ်စက်မေးမြန်းခြင်းမရှိတဲ့အပြင် အခုလို နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ပြီးတော့ PDF ထဲမှာရှိတဲ့ ညီအစ်ကိုတွေကိုလည်း ပြောချင်တာက တပ်မတော်ထံ အလင်းဝင်ပါ။ တပ်မတော်ဘက် ကလည်း နွေးထွေးစွာ လက်ကမ်းကြိုဆိုနေပါတယ်ဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။ **သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၃ ဒသမ ၉၉၀၈ တန်၊ သစ်မာ ၂၅ ဒသမ ၅၇၁၆ တန်၊ အခြား ၇၇ ဒသမ ၂၃၂၂ တန် စုစုပေါင်း ၁၁၆ ဒသမ ၇၉၄၆ တန်၊ ယာဉ်/ယန္တရား လေးစီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**



## ၂၄-၉-၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၇၀၀ | ၅၁၈ | ၃၉၈၄၅၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၂၆၃၆ | ၈၆၂၄၅၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂၁၅ | ၁၆၉၈၅၀၀ |
| FPB | ၂၉၅၀ | ၂၉၅၀ | ၆၄၉၇ | ၁၉၁၆၆၁၅၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၇၀၀ | ၁၈၅၅၀၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၂၄၇၂ | ၄၉၀၀၄၀၀ |
| AMATA | ၃၁၅၀ | ၃၂၅၀ | ၁၀၈၄ | ၃၄၂၃၀၀၀ |
| MAEX | ၃၃၅၀ | ၃၄၀၀ | ၁၇၀ | ၅၇၄၆၀၀ |

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂၄**
အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မ-----၊ ၁၉/၂၀၂၅ နှစ်သည် လူမှုကွန်ရက် Tiktok Xiao Mei@xiaomei 7711 အကောင့်မှ တရုတ်ပြည်ဘက်တွင် ကောင်မလေးများခေါ်သည်၊ အာမခံစီစဉ်ပေးသည်၊ နယ်ဝေးကားစီစဉ်ပေးသည်ဟု ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ ရှမ်းပြည်နယ် မူဆယ်မြို့နေ အကောင့်ပိုင်ရှင် ကံ့ကော်ဦး (ခ) မီးမီး မှ တရုတ်အငှားမယား လုပ်ရမည်၊ တစ်နှစ်တရုတ်ယောကျ်ားနှင့် အတူနေရမည်၊ ငွေကျပ်သိန်း ၈၀ ရမည်ဟု စည်းရုံးပြောဆိုခဲ့ပြီး မိတ္ထီလာမြို့သို့ လာရောက်ရန်ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ မိတ္ထီလာမြို့ ကားဂိတ်တွင် ကံ့ကော်ဦး (ခ) မီးမီးနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နေ ဘိုဘို တို့က လာကြိုစဉ်ဖမ်းဆီးရမိခဲ့သဖြင့် မိတ္ထီလာမြို့နယ် အမှတ်(၂) နယ်မြေရဲစခန်း(ပ) ၁၂/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၃ ရက်တွင် မိတ္ထီလာခရိုင် တရားရုံးမှ တရားခံ ကံ့ကော်ဦး(ခ) မီးမီး နှင့် ဘိုဘို တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြား

**နယူးယောက် စက်တင်ဘာ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီလအတွင်း အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်၍ ရှစ်လတာကာလအတွင်း အမေရိကန်နိုင်ငံနှင့်တကွ ဆောင်ရွက်မှုများကို ချီးမွမ်းပြောဆိုခဲ့သည်။

ထရမ့်သည် စက်တင်ဘာ ၂၃ ရက်က အထွေထွေညီလာခံသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် ၎င်းအနေဖြင့် စစ်ပွဲခုနစ်ပွဲကို အဆုံးသတ်စေခဲ့ကြောင်း၊ အဆိုပါအောင်မြင်မှုများအတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခံရသင့်သည်ဟု လူတိုင်းကပြောနေကြသော်လည်း ဆုရရှိခြင်းကိုစိတ်မဝင်စားကြောင်း၊ လူ့အသက်များကို ကယ်ဆယ်ခြင်းသာဖြစ်ကြောင်း ထရမ့်ကပြောသည်။

ပါလက်စတိုင်းနိုင်ငံအဖြစ် အသိအမှတ်ပြုသည့် ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့ကို ၎င်းက ဝေဖန်ခဲ့ကြောင်း၊ ဂါဇာစစ်ပွဲကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ဓားစာခံများပြန်လည်လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် အလေးထားရန်လိုအပ်ကြောင်း ထရမ့်ကပြောသည်။ ကုလသမဂ္ဂတွင် ကြီးမားသောစွမ်းဆောင်ရည် အလားအလာရှိသော်လည်း ယခုအချိန်အထိ ထိုစွမ်းရည်နှင့်ဝေးနေသေးသည်ဟု ထရမ့်ကပြောကြားခဲ့သည်။



အင်န်အိတ်ချ်ကေ

# ကင်ညာနိုင်ငံ၌ လူနှင့်တောရိုင်းတိရစ္ဆာန်တို့ကြား ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးသူ ၂၅၅ ဦးရှိ

**နိုင်ရိုဘီ စက်တင်ဘာ ၂၄**

ကင်ညာနိုင်ငံ၌ လွန်ခဲ့သည့်နှစ်နှစ်အတွင်း လူနှင့်တောရိုင်းတိရစ္ဆာန်တို့ကြား ပဋိပက္ခပေါင်း ၂၆၆၄၁ ခုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၅၅ ဦး အထိရှိကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက စက်တင်ဘာ ၂၃ ရက်တွင် ပြောသည်။

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီ၌ ကင်ညာတောရိုင်းတိရစ္ဆာန်ဝန်ဆောင်မှုအဖွဲ့အစည်းမှ ညွှန်ကြားရေးမှူးချုပ် အီရက်စ်တပ်စ်ကန်ဂါက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း လူနှင့်တောရိုင်းတိရစ္ဆာန်တို့ကြား ပဋိပက္ခဖြစ်ပွားမှုတို့ကို မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း ပါဝင်သည်။

လူပေါင်း ၇၂၅ ဦး ဒဏ်ရာရရှိခဲ့ပြီး လယ်ယာမြေများတွင် တိရစ္ဆာန်များ ဝင်ရောက်ဖျက်ဆီးမှု ၉၃၀၀၊ မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု ၅၂၀၀၊ ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးမှု ၁၀၀၀ ကျော်နှင့် တိုက်ရိုက်ခြိမ်းခြောက်မှုပေါင်း ၁၀၀၀၀ နီးပါးရှိခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကြီးမားသည့် မြေကျွံကျမှုဖြစ်ပွား

**ဗန်ကောက် စက်တင်ဘာ ၂၄**

ထိုင်းနိုင်ငံ၏မြို့တော်ဗန်ကောက်ရှိ အဓိကလမ်းမကြီးတစ်ခု၌ ကြီးမားသည့် မြေကျွံကျမှု ဖြစ်ပွားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပတ်သက်ပြီး ဖော်ပြထားခြင်း မရှိပေ။

ဒေသန္တရရဲတပ်ဖွဲ့က အဆိုပါ ဖြစ်ရပ်မှာ စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီဝန်းကျင်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ မြေကျွံပေါက်သည် အကြမ်းဖျင်းအားဖြင့် ၃၀ စတုရန်းမီတာရှိပြီး အနက် မီတာ ၅၀ ခန့် ရှိကြောင်း၊ မြေကျွံကျမှုဖြစ်ပွားရာ နေရာမှာ အစိုးရရုံးများ စုဝေးတည်ရှိရာ ဗန်ကောက်မြို့လယ် တစ်နေရာတွင်ဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်ရပ်ကြောင့် အနီးဝန်းကျင်ရှိ ဒေသခံများကို ဘေးလွတ်ရာသို့ အလျင်အမြန် ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ မြေကျွံကျမှုဖြစ်ပွားသည့် နေရာသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် အနုတင် ချာရန် ဗီရာကူလ် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။




အင်န်အိတ်ချ်ကေ

# သီရိလင်္ကာနိုင်ငံ၌ စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုရေးစင်တာများ တည်ထောင်မည်

**ကိုလံဘို စက်တင်ဘာ ၂၄**

သီရိလင်္ကာနိုင်ငံသည် 'သန့်ရှင်းသောသီရိလင်္ကာ' ပဏာမအစီအစဉ်အရ စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုရေးစင်တာ တည်ထောင်ရန် နိုင်ငံတစ်ဝန်းရှိ နေရာ ၅၄ နေရာကို ရွေးချယ်သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သမ္မတ၏ မီဒီယာဌာနက စက်တင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်ထားသည်။ ၎င်းမီဒီယာဌာန၏ထုတ်ပြန်ချက်အရ ပြည်နယ်ကိုးခုစီမှ နေရာခြောက်နေရာစီကို ရွေးချယ်ထားပြီးဖြစ်ကြောင်း၊ ၎င်းတို့အနက် ၂၅ နေရာကို လုပ်ငန်းစတင်ရန် ဖြစ်နိုင်မဖြစ်နိုင်လေ့လာဆန်းစစ်မှုများ လုပ်ဆောင်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ စင်တာများတွင် အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်မည့် ပစ္စည်းများအဖြစ်သို့ ပြောင်းလဲပေးနိုင်မည့် စက်ပစ္စည်းကိရိယာများကို တပ်ဆင်ပေးသွားမည်ဖြစ်သည်။

ဆင်ဟွာ

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းကြောင့် အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တား၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လူ ၁၀ ဦးထက်မနည်းသေဆုံး

**ကိုးလ်ကတ္တား စက်တင်ဘာ ၂၄**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းမြို့တော် ကိုးလ်ကတ္တား (ကာလကတ္တား) ၌ စံချိန်တင်မိုးရွာသွန်းခဲ့သောကြောင့် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် သေဆုံးသူအများစုမှာ ရေလွှမ်းမိုးမှုနှင့် ဆက်နွှယ်လျက်ရှိသော ဓာတ်လိုက်သေဆုံးသူများဖြစ်ကြောင်း အရာရှိများက စက်တင်ဘာ ၂၃ ရက် နှောင်းပိုင်းက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၂ ရက် ညပိုင်းမှစ၍ သည်းထန်စွာရွာသွန်းခဲ့သော မိုးသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းအထိ ဆက်လက် ရွာသွန်းခဲ့သောကြောင့် မြို့တော်ဒေသအများအပြား၌ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး နေ့စဉ်လူနေမှုဘဝကို အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ရုံသာမက ယာဉ်ကြောပိတ်ဆို့မှုများလည်းဖြစ်ပွားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မြို့တော်တစ်ဝန်း လမ်းများနှင့် လူနေဒေသများ ရေလွှမ်းခဲ့ပြီး အဓိကဆက်သွယ်ရေး လမ်းကြောင်းများပေါ်တွင် ယာဉ်များ နာရီပေါင်းများစွာ ကြာမြင့်ခဲ့သည်။

ရေကြီးခြင်းက မြို့ပတ်ရထားဝန်ဆောင်မှု လုပ်ငန်းများအပေါ် ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ မြို့၏ အနိမ့်ပိုင်းဒေသများရှိ လူနေအဆောက်အအုံများထဲထိ ရေများဝင်ရောက်ခဲ့သောကြောင့် အဆောက်အအုံအချို့ ပျက်စီးမှုများ ဖြစ်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများကြောင့် ကိုးလ်ကတ္တားရှိ လေကြောင်းလုပ်ငန်းများ ထိခိုက်ခဲ့ရပြီး လေယာဉ်ခရီးစဉ် ၆၂ ခုကို ဖျက်သိမ်းခဲ့ရကာ ၄၂ ခု နှောင့်နှေးခဲ့ရသည်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းကြောင့် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယမိုးလေဝသဌာနက ပြောသည်။



ဆင်ဟွာ




# အေအိုင်နည်းပညာသုံး ယာဉ်မောင်းစနစ် နစ်ဆန်းကုမ္ပဏီ ထုတ်ဖော်ပြသ

**တိုကျို စက်တင်ဘာ ၂၄**

ဉာဏ်ရည်တုနည်းပညာ (အေအိုင်) ကို အခြေခံ၍ တည်ဆောက်ထားသော ယာဉ်မောင်းအကူအညီနည်းပညာကို နစ်ဆန်းကုမ္ပဏီက ထုတ်ဖော်ပြသခဲ့သည်။ နစ်ဆန်းကုမ္ပဏီသည် ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ရောင်းချမည့်ကားများတွင် အဆိုပါနည်းပညာကို အသုံးပြုရန် စီစဉ်ထားသည်။

နစ်ဆန်းသည် ၎င်း၏ Pro Pilot နည်းပညာကို ယူကေရှိ Wayve ကုမ္ပဏီနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့သည် လွန်ခဲ့သည့်သီတင်းပတ်က တိုကျိုမြို့၌ ကားတစ်စီးကို စမ်းသပ်မောင်းနှင်ခဲ့သည်။

အဆိုပါကားတွင် ပတ်ဝန်းကျင်ယာဉ်အသွားအလာကို ပတ်ပတ်လည်စောင့်ကြည့်ရန်နှင့် ဘီးနှင့်ဘရိတ်များကို ထိန်းချုပ်ရန် ကင်မရာ ၁၁ လုံး အသုံးပြုထားသည်။ အဆိုပါနည်းပညာသည် အပြည့်အဝမောင်းသူမဲ့ကားစနစ်၏ ရှေ့ပြေးအဆင့်ဖြစ်နိုင်ကြောင်း ကုမ္ပဏီကပြောသည်။ လက်ရှိစနစ်တွင် ယာဉ်မောင်းအနေဖြင့် စတီယာရင်ကို အချိန်ပြည့်ကိုင်ထားရန် လိုအပ်ဆဲဖြစ်သည်။

အင်န်အိတ်ချ်ကေ

## သထုံမြို့၌ ခွေးရူးရောဂါအကြောင်း သိကောင်းစရာများ ဟောပြော



**သထုံ စက်တင်ဘာ ၂၄**
မွန်ပြည်နယ် သထုံမြို့နယ်၌ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာနှင်းက ခွေးရူးရောဂါ ကင်းစင်အောင် ပူးပေါင်း ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သထုံမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာခွန်မင်းမောင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းဦးတို့က ခွေးရူးရောဂါ၏ လက္ခဏာများ၊ ရောဂါ ကူးစက်ပျံ့နှံ့ပုံများ၊ ကာကွယ်ရန် နည်းလမ်းများကိုလည်းကောင်း၊ ခရိုင်စားသုံးသူကာကွယ်ရေးဦးစီးဌာနက ဦးစီးအရာရှိ ဦးအောင်ကျော်မင်းက စားသုံးသူအခွင့်အရေးနှင့် ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာတို့ကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူတို့အား ကြက်ဥနှင့် နွားနို့အာဟာရများ တိုက်ကျွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြော



**ဘီးလင်း စက်တင်ဘာ ၂၄**
မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ဘီးလင်းမြို့ အထက(ကန်သာယာ)ကျောင်း မဟော်သဓာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘီးလင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာနှင်းဝေမျိုးနိုင်က ခွေးရူးရောဂါအကြောင်း သိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေး ဟောပြောပြီး ခွေးရူးရောဂါကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၃၀၀ တို့အား အာဟာရနွားနို့များတိုက်ကျွေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ ခွေးရူးရောဂါအကြောင်းအသိပညာပေး



**ပေါင် စက်တင်ဘာ ၂၄**
မွန်ပြည်နယ် ပေါင်မြို့နယ်၌ ခွေးရူးရောဂါအကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် အာဟာရတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျခတ်ငူကျေးရွာ အမက (ဇရိုး)ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ခွေးရူးရောဂါအကြောင်း ဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရဲအောင်က ခွေးရူးရောဂါ၏ လက္ခဏာများ၊ ရောဂါကူးစက် ပျံ့နှံ့ပုံများ၊ ကာကွယ်ရန် နည်းလမ်းများ စသည့်ခွေးရူးရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ သိကောင်းစရာတို့ကို ဆွေးနွေးဟောပြောခဲ့ပြီး ခွေးရူးရောဂါကာကွယ်ရေးနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကို ပေးဝေကာ အာဟာရ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ မိုးစပါးပန်းတိုင်ရရှိရေး စံပြစိုက်ခင်းစိုက်ပျိုး



**မိုးနဲ စက်တင်ဘာ ၂၄**
မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြစိုက်ခင်းသုံးဧက စိုက်ပျိုးခြင်းကို ယမန်နေ့နံနက်ပိုင်းက နားလင်းကျေးရွာ မြို့ဝင်ကြာဖူးအနီး ကွင်းအမှတ်(၃၆) တောင်သူ ဦးစိုင်းမာလာ၏လယ်မြေ၌ တောင်သူများနှင့်အတူ စိုက်ပျိုးကြရာ ယခုနှစ်မိုးစပါး ၁၁၀၇၆ ဧကလျာထားပြီး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကျွန်းစုမြို့၌ လူငယ်စကားဝိုင်း ကျင်းပ



**ကျွန်းစု စက်တင်ဘာ ၂၄**
ကျွန်းစုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အထကကျွန်းစုကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ကြီး ဒေါ်ဌေးဌေးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုစတင်ရာ လူငယ်နှင့် စာပေ၊ လူငယ်နှင့်နည်းပညာ ခေါင်းစဉ်တို့ဖြင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းဖြူလွင်၊ ကျောင်းသား ကျောင်းသူငါးဦးတို့က ပါဝင်ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထက်မြင့်(ကျွန်းစု)



## ကျိုင်းတုံမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် အသိပညာပေး

**ကျိုင်းတုံ စက်တင်ဘာ ၂၄**
ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက ပြည်သူများသို့ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးနည်းအသိပညာ ပေးခြင်းကို စက်တင်ဘာ ၂၃ ရက်က နောင်ကန်ကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်ရှင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနည်း အသိပညာပေးခြင်း ဆောင်ရွက်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့မဲပေးနည်း၊ အသုံးပြုနည်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူ ၁၅၀ တို့က မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



စလင်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးတင်စိုး ဦးဆောင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းများမှ KG ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အာဟာရကျွေးမွေးစဉ်။ မောင်လွင်(စလင်း)



## ငါန်းဇွန်မြို့၌ မဲပေးစက်အသုံးပြုနည်းသင်တန်းဖွင့်

**ငါန်းဇွန် စက်တင်ဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်စိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ဇာလင်းက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

သက်နောင်ဦး(ငါန်းဇွန်)

## လှိုင်းဘွဲ့မြို့နယ်၌ ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များဖြစ်လာစေရေး အသိပညာပေးဟောပြော

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးက ဦးစီး



ကျင်းပသော ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံလာစေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက လူငယ်နှင့်စာပေယဉ်ကျေးမှုခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကရင်ပြည်နယ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက တိုင်းရင်းသားအခွင့်အရေးနှင့် ရပိုင်ခွင့်များအကြောင်းကို အသိပညာပေးဟောပြောကာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား အထွေထွေဉာဏ်စမ်းပဟေဠိ မေးမြန်းခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် ဌာနဆိုင်ရာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောဒိ(ပြန်/ဆက်)**

## ပူတာအိုမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ပူတာအို စက်တင်ဘာ ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူး၍ ကျောင်းသားလူငယ်များ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်လာစေရန်၊ ကျောင်းသားလူငယ်များ ဘက်စုံထူးချွန်လာစေရန်နှင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် နိုင်ငံ့အတွက် အားထားရသော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခဲ့သော ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ အမျိုးသမီး အသက် ၁၉ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထက(ပူတာအို) ဘောလုံးအသင်းနှင့် အထက(လေယာဉ်ကွင်း)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ အထက(ပူတာအို) ဘောလုံးအသင်းက ပယ်နတီအဆုံးအဖြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။



အဆိုပါ အားကစားပြိုင်ပွဲများကို စက်တင်ဘာ ၉ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ



အထက်တန်းကျောင်း ဒေါ်ခင်သိန်း ခန်းမဆောင်၌ စက်တင်ဘာ ၂၃ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တို့က ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ ဆောင်ပုဒ်ဖြစ်သော ကဏ္ဍစုံရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းမှသည် ဘေးဒဏ်ကြံ့ကြံ့ခိုင်နိုင်ရေးဆီသို့ ခေါင်းစဉ်ဖြင့် စာစီစာကုံး ရေးသားယှဉ်ပြိုင်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်(ပြန်/ဆက်)**

## ငဖဲမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ငဖဲ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲနှင့် နံရံကပ်စာစောင်ကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ငဖဲမြို့အခြေခံပညာအထက်တန်းကျောင်းမှ Grade- 6 ကျောင်းသား ကျောင်းသူ ၃၅ ဦး တက်ရောက်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က အသိပညာဗဟုသုတ တိုးပွားစေရေး သုတ၊ ရသ၊ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုရန် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ဒုတိယဦးစီးမှူး ဦးသက်နောင်



ထွန်းက လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသနိုင်ငံများတွင် တွေ့ရသော လူကုန်ကူးမှုပုံစံများကို အသိပညာပေး ဆွေးနွေးပြောကြားပြီး ကျောင်းသား ကျောင်းသူများက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မယု(ငဖဲ)**

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ဆိပ်ကြီးခနောင်တို စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးဆောင်ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အထက(ခနောင်တို) အောင်ဆန်းခန်းမ၌ ကျင်းပရာ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရဲမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်ထွန်းက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ဦးက လူငယ်နှင့်စာပေ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဇင်လင်းအောင်က လူငယ်နှင့်အားကစားအကြောင်းတို့ကို ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများစွာရရှိစေရန် ဟောပြောခဲ့ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**



## ရေနံချောင်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ရေနံချောင်း စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကျောင်းသား ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူအများကြားတွင် ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် အမှားအမှန်ဝေဖန်ခွဲခြားတတ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြော

**မင်္ဂလာတောင်ညွန့် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၃ ရက်က အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ စာရေးဆရာမမေ(ရန်ကုန်)က လူငယ်နှင့် အားကစားခေါင်းစဉ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်မြတ်အေးက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာကောင်းဇံက လူငယ်အားကစားနှင့်ကျန်းမာရေးခေါင်းစဉ်၊ အမှတ်(၃၄) ယဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ဇော်အောင်ထွန်းက ယာဉ်အန္တရာယ်ကင်းဝေးစေရေးခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ထို့နောက် မြို့နယ်အားကစားဦးစီးမှူး ဦးမိုးကျော်ကျော်က အားကစားပစ္စည်းများကို အထက(၁)ကျောင်းသို့ ပေးအပ်လှူဒါန်းပြီး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်ပြပွဲများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုကြကြောင်း သိရသည်။ **မြတ်မြတ်အေး(ပြန်/ဆက်)**



## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး

**ဇမ္ဗူသီရိ စက်တင်ဘာ ၂၄**

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ယနေ့နံနက်ပိုင်းက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး Talk Show ဆောင်ရွက်သည်။

